(ဇ) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊

(ဈ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊

(ည) လုံခြုံရေးလုပ်ငန်းကော်မတီ။

၈။ အထက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီးနောက် လိုအပ်သလိုပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ အထက်ပါဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဘေးအန္တရာယ်ကျရောက်မှုအပေါ် အခြေခံလျက် အစိုးရအဖွဲ့မှ သတ်မှတ်ပေးရမည်။

၁၀။ အစိုးရအဖွဲ့သည် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(က) ခရိုင်အုပ်ချုပ်ရေးမှူးသည် ခရိုင်သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဖွဲ့စည်းနိုင်ရန်အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအခြားအဖွဲ့အစည်းများ၊ သင့်လျော်သောကျွမ်းကျင်သူများပါဝင်သည့် အမည်စာရင်းကို အစိုးရအဖွဲ့သို့တင်ပြဖွဲ့စည်းရမည်၊

(ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဖွဲ့စည်းနိုင်ရန် အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအခြားအဖွဲ့အစည်းများ၊ သင့်လျော်သောကျွမ်းကျင်သူများ ပါဝင်သည့် အမည်စာရင်းကို အစိုးရအဖွဲ့သို့ တင်ပြဖွဲ့စည်းရမည်၊

(ဂ) ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက်၊ ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဖွဲ့စည်းနိုင်ရန် အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ သင့်လျော်သောကျွမ်းကျင်သူများပါဝင်သည့် အမည်စာရင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးသို့ တင်ပြဖွဲ့စည်းရမည်။

၁၁။ ပုဒ်မ ၁၀ အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီဝင် အဆင့်ဆင့်ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၂။ ပုဒ်မ ၁၀ နှင့် ၁၁ အရ ဖွဲ့စည်းသော အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အောက်ပါအတိုင်း သတ်မှတ်ပေးရမည်-

(က) ပုဒ်မ ၁၀(က) အရ ခရိုင်သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးက သတ်မှတ်ပေးရမည်၊

(ခ) ပုဒ်မ ၁၀(ခ)(ဂ)အရမြို့နယ်နှင့်ရပ်ကွက်/ကျေးရွာအုပ်စုသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးက သတ်မှတ်ပေးရမည်။

## အခန်း(၅)

### သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာခြင်း

၁၃။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး တစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ နယ်မြေဒေသ တစ်ခုခုတွင်သော်လည်းကောင်း အသက်အိုးအိမ်စည်းစိမ်နှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အလွန်ကြီးမားသည့်ဘေးအန္တရာယ်ကျရောက်နိုင်ကြောင်း ဒေသဆိုင်ရာလုပ်ငန်းကော်မတီက အဆင့်ဆင့်တင်ပြ၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိရသည့်အခါယင်းဒေသကို မူလအခြေအနေသို့အမြန်ပြန်လည်ရောက်ရှိစေရေး ဆောင်ရွက်ရာတွင် အခက်အခဲရှိမည်ဟုယုံကြည်ပါက အဆိုပါဒေသကိုအချိန်ကာလနှင့်နယ်မြေပိုင်းခြားသတ်မှတ်၍ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သောဒေသဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ကြေညာရမည်။

၁၄။ အစိုးရအဖွဲ့သည် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း (သို့မဟုတ်) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သောဒေသဖြစ်ကြောင်းကြေညာပြီးနောက် သတ်မှတ်ထားသည့်အချိန်ကာလနှင့်နယ်မြေဒေသကို လိုအပ်သလိုတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

## အခန်း(၆)

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ

၁၅။ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုငွေကို အောက်ပါရငွေများဖြင့် ဆောင်ရွက်နိုင်သည် -

(က) တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာငွေမှ ထည့်ဝင်ငွေ၊

(ခ) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသအတွင်း အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေ။

၁၆။ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဘဏ္ဍာငွေကို သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရေးဆွဲရမည်။

## အခန်း(၇)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၇။ မည်သူမဆို ဆန်းစစ်ချက်မပြုလုပ်ဘဲ ပေါ့ဆစွာဆောင်ရွက်မှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်နိုင်သည်ကို သိလျက်နှင့် တမင်ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လျှင် (သို့မဟုတ်) သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်စေလျှင် ထိုသူကို သုံးနှစ်ထိထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည်။

၁၈။ မည်သူမဆို ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တစ်ရပ်ရပ်ဆောင်ရွက်သည်ကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊

